## ပို့ကုန်ရငွေ အသုံးပြုခွင့်အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်က မူလသတ်မှတ်ချက်အတိုင်း ဆက်လက်ခွင့်ပြုလျက်ရှိ

၁။ သတင်းမီဒီယာတစ်ခုမှာ "ဗဟိုဘဏ်က ပို့ကုန်ရငွေနဲ့ပတ်သက်ပြီး ပြန်လည်တင်းကြပ်မှု အဖြစ် ပို့ကုန်ရငွေရဲ့ ၆၅% ကို ဗဟိုဘဏ်သတ်မှတ်ဈေးနဲ့ရောင်းချရမှာဖြစ်ပြီး ကျန် ၃၅% ကိုသာ ပေါက်ဈေးအတိုင်း ရောင်းချခွင့်ရှိတော့မှာ"ဆိုတဲ့သတင်းကြောင့် ပြည်တွင်းပဲဈေးနှုန်းများ ကျဆင်းသွားတယ်ဆိုတဲ့ သတင်းအမှားတစ်ခု လွှင့်တင်ထားတာတွေ့ရပါတယ်။

၂။ နိုင်ငံတော်အနေနဲ့ ပို့ကုန်လုပ်ငန်းရှင်များ လုပ်သာကိုင်သာရှိစေရေးအတွက် အလေးထား ဆောင်ရွက်လျက်ရှိရာ ပြည်ပသို့တင်ပို့ခြင်းမှရရှိတဲ့ ပို့ကုန်ရငွေအသုံးပြုခွင့်နဲ့ပတ်သက်ပြီး မြန်မာနိုင်ငံ တော်ဗဟိုဘဏ်က ၆-၁၂-၂၀၂၃ ရက်နေ့မှာ အမိန့်ကြော်ငြာစာအမှတ် ၂၆/၂၀၂၃ နဲ့ ထုတ်ပြန်ထား ပါတယ်။ ဒီအမိန့်ကြော်ငြာစာမှာ **"ပို့ကုန်ရငွေပမာဏရဲ့ ၅၀ ရာခိုင်နှုန်းအစား ၃၅ ရာခိုင်နှုန်းကိုသာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ အမိန့်ကြော်ငြာစာအမှတ် (၁၂ /၂၀၂၂) ပါသတ်မှတ်ညွှန်ကြားချက် အတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန်ဖြစ်ကြောင်း"** ထုတ်ပြန်ထားတာဖြစ်ပါတယ်။

၃။ အဲဒီအမိန့်ကြော်ငြာစာအရ ပို့ကုန်လုပ်ငန်းရှင်များအနေနဲ့ ပို့ကုန်ရငွေရဲ့ ၃၅ % ကိုသာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရည်ညွှန်းဈေးနဲ့ လဲလှယ်ရမှာဖြစ်ပြီး ကျန် ၆၅ % ကို နေ့စဉ် Online ငွေလဲနှုန်းဖြင့် လဲလှယ်အသုံးပြုခွင့်ပေးထားတာဖြစ်ပါတယ်။ အဲဒီသတ်မှတ်ချက်အတိုင်း လက်ရှိမှာ ပြောင်းလဲခြင်းမရှိ ခွင့်ပြုဆောင်ရွက်ပေးနေပါတယ်။

၄။ အဆိုပါ သတင်းမီဒီယာမှာ ဖော်ပြချက်ဟာ လက်ရှိကျင့်သုံးနေတဲ့ မူဝါဒကို ပြောင်းပြန် လှန်ပြီး မဟုတ်မမှန်ပြောကြားနေတာဖြစ်ပါတယ်။

၅။ ဒါကြောင့် ပဲမျိုးစုံ၊ နှမ်းအစရှိတဲ့ လယ်ယာထွက်ကုန်စိုက်ပျိုးထုတ်လုပ်သူ၊ ကုန်သည်နဲ့ ပြည်ပတင်ပို့တဲ့လုပ်ငန်းရှင်များအပါအဝင် ပို့ကုန်လုပ်ငန်းစဉ်မှာ ပါဝင်သူများအနေနဲ့ မြန်မာနိုင်ငံတော် ဗဟိုဘဏ်က ၆-၁၂-၂၀၂၃ ရက်နေ့မှာ ထုတ်ပြန်ထားတဲ့ အမိန့်ကြော်ငြာစာ ၂၆/၂၀၂၃ အတိုင်းသာ ဆောင်ရွက်နေပါကြောင်း သတင်းအမှန်ကိုသိရှိပြီး ပို့ကုန်လုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရေး အသိပေးလိုက်ပါတယ်။

၆။ ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းကမောက်ကမဖြစ်စေပြီး နိုင်ငံတော်နဲ့ ပြည်သူတွေရဲ့ စီးပွားရေးကို ထိခိုက်နစ်နာစေဖို့ ရည်ရွယ်ချက်ရှိရှိနဲ့ မှန်ကန်တိကျမှုမရှိတဲ့ သတင်းအမှားများကို ဖြန့်ဝေဆောင်ရွက်ကြောင်း စိစစ်တွေ့ရှိရပါက အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေ နဲ့အညီ အရေးယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**